ADB
**ASIAN DEVELOPMENT BANK**
6 ADB Avenue, Mandaluyong City
1550 Metro Manila, Philippines
Tel +63 2 632 4444
Fax +63 2 636 2444

www.adb.org

## သတင်းထုတ်ပြန်ချက်

# ကရင်ပြည်နယ်အတွင်းရှိ GMS စင်္ကြံ လမ်းပိုင်းကို ADB ချေးငွေဖြင့် အဆင့်မြှင့်တင်မည်

မနီလာ၊ ဖိလစ်ပိုင်၊ ၁၁ ရက် နိုဝင်ဘာလ ၂၀၁၅။ ။ ကရင်ပြည်နယ်တွင်းရှိ မဟာမဲခေါင်ဒေသခွဲ (GMS) အရှေ့-အနောက်စင်္ကြံ လမ်းအပိုင်းတစ်ခုဖြစ်သော အိန္ဒူ နှင့် ကော့ကရိတ်ကို ဆက်သွယ်ထားသည့် ၆၆.၄ ကီလိုမီတာရှိ လမ်းအပိုင်းကို အဆင့်မြှင့်တင်ရန်အတွက် ချေးငွေ အမေရိကန်ဒေါ်လာ ၁၀၀ သန်းကို ADB က အတည်ပြု လိုက်ပြီ ဖြစ်ပါသည်။

"ကရင်ပြည်နယ်ဟာ ရှည်ကြာလှတဲ့ ပဋိပက္ခတွေကို ခံစားခဲ့ရပြီး နွမ်းပါးမှုနှုန်းမြင့်မားမှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူပြုမယ့် အခြေခံအဆောက်အအုံတွေ အားနည်းမှု စတဲ့ အကျိုးဆက်တွေ ဖြစ်စေခဲ့ ပါတယ်။ ဒီပြည်နယ်ထဲမှာပဲ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ရဲ့ ကုန်းလမ်းကုန်သွယ်မှုစုစုပေါင်းရဲ့ ၂၅%လောက်ကို ပို့ဆောင်ရာမှာ အရေးပါ လှတဲ့ လမ်းမကြီးတစ်ခုလည်း ရှိနေပါတယ်"ဟု ADB အရှေ့တောင်အာရှဌာနမှ ပို့ဆောင်ရေး ကျွမ်းကျင်ပညာရှင် ဂျိမ်းစ်လယ်သာက ပြောကြားသည်။ "အခုလမ်းပိုင်းကို အဆင့်မြှင့်တင်မှုဟာ မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက်စင်္ကြံရဲ့ မြန်မာနိုင်ငံတွင်းမှာ ရှိနေတဲ့ လမ်းပိုင်းတွေကို အဆင့်မြှင့်တင်မှု လုပ်ငန်း ပြီးစီးမှုပါပဲ။"

ယခုစီမံကိန်းဖြင့် လက်ရှိနှစ်လမ်းသွားကားလမ်းမကို GMS လမ်းကွန်ရက်စံချိန်စံညွှန်းများနှင့်အညီ အဆင့်မြှင့် သွားမည်ဖြစ်ကာ စက်ဘီး၊ဆိုင်ကယ်နှင့် စိုက်ပျိုးရေးကုန်စည်များ သယ်ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်ငယ် များအသုံးပြုသွားလာနိုင်ရန်အတွက် လမ်းမပုခုံးသားကိုလည်း တိုးချဲ့သွားပါမည်။ မော်တော်ယာဉ် သွားလာမှု လွယ်ကူမြန်ဆန်ပြီး ဘေးကင်းစေရန် လမ်း၏ ကွေ့ကောက်နေသော အချို့အစိတ်အပိုင်းများကို ပြန်လည် ချိန်ညှိသွားမည်ဖြစ်ပြီး ရေစီးရေလာကောင်းမွန်စေရန်နှင့် မကြာခဏ ရေလွှမ်းမိုးခံရသော လမ်းအပိုင်းများကို မြှင့်တင်မှုအပါအဝင် ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိစေမည့် နည်းလမ်းများကိုပါ ထည့်သွင်းတည်ဆောက်သွား မည်ဖြစ်ပါသည်။ ပြည်တွင်းရေကြောင်းကုန်သွယ်မှုကွန်ရက်ကို အထောက်အကူပြုမှု တစ်စိတ်တစ်ဒေသ အဖြစ် ကျုံဒိုးဆိပ်ကမ်းသို့ ချဉ်းကပ်လမ်းကို ပြုပြင်အဆင့်မြှင့်တည်ဆောက်သွားပါမည်။

စင်္ကြံလမ်းမကြီး၏ မြန်မာနိုင်ငံအတွင်းရှိလမ်းအပိုင်းများ အဆင့်မြှင့်တင်မှု ပြီးစီးပါက ဗီယက်နမ်နိုင်ငံ ဒါနမ်းမြို့ မှသည် မြန်မာနိုင်ငံ၏ မော်လမြိုင်နှင့် ရန်ကုန်မြို့များအထိပါ ချိတ်ဆက်နိုင်မည် ဖြစ်ပါသည်။ ADB၏ ချေးငွေဖြင့် ဆောင်ရွက်သော လမ်းပိုင်းအပြင် ကော့ကရိတ်နှင့်မြဝတီတို့ကို ဆက်သွယ်ထားသည့်လမ်းပိုင်းကို ထိုင်းနိုင်ငံ အစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်ထားပြီး အိန္ဒူ နှင့် ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးကြား လမ်းပိုင်းကို ပုဂ္ဂလိကကုမ္ပဏီတစ်ခုက တည်ဆောက်-လုပ်ငန်းလည်ပတ်-ပြန်လည်အပ်နှံ ပုံစံဖြင့် အဆင့်မြှင့် တင် ဆောင်ရွက်ထားပါသည်။

ADB အထူးသက်သာချေးငွေရန်ပုံငွေတစ်ခုဖြစ်သော အာရှဖွံ့ဖြိုးမှုရန်ပုံငွေကတစ်ဆင့် ယခုချေးငွေကို ထောက်ပံ့ ခြင်းဖြစ်ပြီး အာဆီယံ အခြေခံအဆောက်အအုံရန်ပုံငွေကတစ်ဆင့်လည်း ပူးတွဲငွေကြေးအထောက်အပံ့အဖြစ် ချေးငွေ အမေရိကန်ဒေါ်လာ ၂၀ သန်းကို ယခုစီမံကိန်းအတွက် ကူညီမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရက လည်း အမေရိကန်ဒေါ်လာ ၁.၈ သန်းစိုက်ထုတ်အကုန်အကျခံမည်ဖြစ်ပါသည်။ ယခုစီမံကိန်းအကောင်အထည် ဖော်မှုမှာ ၃ နှစ်ကြာမြင့်မည်ဖြစ်ကာ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ပြီးစီးမည်ဟု ခန့်မှန်းထားပါသည်။

မနီလာ အခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်သည် အားလုံးအတွက် အကျိုးသက်ရောက်စေမည့် စီးပွားရေး ဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိပဲ ရေရှည်တည်တံ့စေမည့် ဖွံ့ဖြိုးရေးနှင့် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှု တိုးမြင့်စေရေးတို့ကို ဆောင်ရွက်ကာ အာရှနှင့် ပစိဖိတ်ဒေသတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အတွက် ဦးတည်ချက်ထား လုပ်ငန်းများ အကောင်အထည်ဖော်လျှက်ရှိပါသည်။ ၁၉၆၆ ခုနှစ်တွင် စတင် တည်ထောင်ခဲ့သော အေဒီဘီကို အဖွဲ့ဝင် ၆၇ နိုင်ငံက ပိုင်ဆိုင်ပြီး အဖွဲ့ဝင်များ အနက် ၄၈ နိုင်ငံမှာ အာရှ/ပစိဖိတ် ဒေသတွင်းမှ ဖြစ်ပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ ၂၀၁၄ ခုနှစ်အတွင်း ပံ့ပိုးဆောင်ရွက်ပေးမှု ပမာဏမှာ ဖွံ့ဖြိုးရေး မိတ်ဘက်အဖွဲ့အစည်းများ၏ ပူးတွဲငွေကြေးထည့်ဝင်မှု $၉.၂ ဘီလီယံ အပါအဝင် $၂၂.၉ဘီလီယံ ရှိပါသည်။

ဆက်သွယ်ရန် :
အဲလက်စ် ညီညီအောင်
၀၉ ၂၅၄၁ ၁၁၁၄၈၊ ၀၉ ၂၅၄၇ ၂၅၄၇၂
အီးမေးလ် - naung@adb.org
Facebook: https://www.facebook.com/adbmyrm
Twitter: https://twitter.com/ADB_Myanmar

Connect with us on Twitter @ADB_HQ